# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၁၄၇ / ၂၀၂၁

၁၃၈၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၂ ရက်

( ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ ၂၀ ရက် )

**ကြားနာစစ်ဆေးဆဲ ပြစ်မှုဆိုင်ရာ အမှုများ ပိတ်သိမ်းခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လတ်တလောဖြစ်ပေါ်နေသော ကိုဗစ်-၁၉ ကူးစက်မှုကို ထိရောက်စွာ ကာကွယ်ကုသနိုင်ရေးအတွက်လည်းကောင်း၊ သက်ဆိုင်ရာ တရားရုံးများတွင် စွဲဆိုထားသည့် ပြစ်မှုများအတွက် **တ**ရားခံများကို ကိုဗစ်-၁၉ ဆိုင်ရာ စည်းကမ်းချက်များကြောင့် ရုံးထုတ်စစ်ဆေးနိုင်ခြင်းမရှိသဖြင့် ချုပ်ရက်များ ရှည်ကြာနေသဖြင့်လည်းကောင်း အချို့သော ပြစ်မှုဖြင့် စွဲဆိုခံရသည့် နိုင်ငံသားများအတွက် သက်ညှာစွာ စဉ်းစားပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၂။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့နှင့် ယင်းနေ့မတိုင်မီက အောက်ဖော်ပြပါ ပြစ်မှုတစ်ခုခုဖြင့် သက်ဆိုင်ရာတရားရုံးများတွင် စွဲဆိုခံရသည့် ပြစ်မှုဆိုင်ရာ အမှုအားလုံးကို ပိတ်သိမ်း၍ တရားခံများအား အမှုမှ လွှတ်ရမည်-

(က) ရာဇသတ်ကြီးပုဒ်မ ၃၇၉၊ ၃၈၀ နှင့် ၃၇၉/ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၊ ၃၈၀/ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၅၄၊

(ခ) သစ်တောဥပဒေပါ ပုဒ်မ ၄၂ နှင့် ၄၃ တို့မှအပ ကျန်ပြစ်မှုတစ်ခုခု၊

(ဂ) လောင်းကစားဥပဒေပါ ပြစ်မှုတစ်ခုခု၊

(ဃ) ယစ်မျိုးအက်ဥပဒေပါ ပြစ်မှုတစ်ခုခု၊

(င) ပြစ်မှုကျူးလွန်တတ်သူများ ခြေချုပ်နှင့် ခံဝန်အက်ဥပဒေပါ ပြစ်မှုတစ်ခုခု၊

(စ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၆ နှင့် အားပေးကူညီမှုများ၊

(ဆ) မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၉(က)နှင့် အားပေးကူညီမှုများ၊ (မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများနှင့်စပ်လျဉ်း၍ ယင်းဥပဒေပုဒ်မ ၂၆ အရ အလေးချိန် သတ်မှတ်ချက် ၃ ဂရမ်ဖြစ်ပါက ၁၀ ဂရမ်နှင့် အောက်သော်လည်းကောင်း၊ ၁၀၀ ဂရမ်ဖြစ်ပါက ၂၀၀ ဂရမ်နှင့် အောက်သော်လည်းကောင်း၊ ဘိန်းစာရွက်အစို ဖြစ်ပါက ၁၀ ကီလိုဂရမ်နှင့်အောက်သော်လည်းကောင်း၊ ဘိန်းစာရွက် အခြောက် သို့မဟုတ် ဘိန်းစာမှုန့် ဖြစ်ပါက ၅ ကီလိုဂရမ်နှင့် အောက်သော်လည်းကောင်း သိမ်းဆည်းရမိမှုများအတွက်သာ)၊

(ဇ) လက်နက်ဥပဒေပုဒ်မ ၁၉ (င)၊

(ဈ) ပြည့်တန်ဆာနှိပ်ကွပ်ရေးအက်ဥပဒေပါ ပြစ်မှုတစ်ခုခု၊

(ည) ရဲအက်ဥပဒေပါ ပြစ်မှုတစ်ခုခု၊

(ဋ) ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေပါ ပြစ်မှုတစ်ခုခု။

အမိန့်အရ

အောင်လင်းဒွေး

ဒုတိယဗိုလ်ချုပ်ကြီး

အတွင်းရေးမှူး